မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

# မီးလောင်လျှင် ဘာလုပ်ရမလဲ

INTERNATIONAL FEDERATION OF RED CROSS AND RED CRESCENT SOCIETIES



## မီးလောင်ခါစအခြေအနေ


- သင့်အိမ်၏အရေးပေါ်ထွက်ပေါက်များ သိထားပါ၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမဖြစ်ပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။
- လျှပ်စစ်ကြောင့်လောင်ကျွမ်းသောမီးဖြစ်ပါက မိန်းခလုတ်ကို အရင်ပိတ်ပါ။
- မီးတောက်များ ပို၍ကြီးမားပျံ့နှံ့ခြင်းမရှိအောင် လောင်စာများကို ငြိမ်းသတ်ပါ၊ မီးသတ်ဦးစီးဌာနသို့ အကြောင်းကြားပါ။




- အထပ်မြင့်ပေါ်မှ ခုန်ချခြင်းမပြုပါနှင့်၊ အကူအညီတောင်းခံပါ၊ ပစ္စည်းများသယ်ရန် အကူအညီတောင်းပါ၊ မီးလွတ်ရာသို့သယ်ယူပါ။
- လမ်းပေါ် ပစ္စည်းများချထားခြင်း မပြုပါနှင့်၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် မီးသတ်ကားများသွားလာရန် အဟန့်အတားဖြစ်စေပါသည်။
- မီးသတ်ဆေးဘူးရှိပါက မည်ကဲ့သို့သော မီးလောင်ကျွမ်းမှုဖြစ်ပါစေ မီးအရှိန်မကြီးမားခင် အမြန်ဆုံးကာကွယ်နိုင်မည်ဖြစ်၍ ကြီးမားသော အကူအညီတစ်ခုဖြစ်ပါသည်။ မည်ကဲ့သို့အသုံးပြုရမည်ကို သေချာစွာသိရှိထားရပါမည်။
- သင်၏ဒေသအတွင်း အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းများကို ကြိုတင်စုဆောင်းထားရှိပါ၊ (ဆေးရုံ၊ မီးသတ်၊ ရဲတပ်ဖွဲ့)

## မီးစွဲလောင်သောအခြေအနေ





- သစ်သား၊ အဝတ်အထည်နှင့် စက္ကူများ မီးလောင်ကျွမ်းခြင်းကို ရေပက်၍ငြိမ်းသတ်ပါ။
- ဓာတ်ဆီနှင့် စက်သုံးဆီများလောင်ကျွမ်းပါက ရေစိုအဝတ်၊ သဲတို့နှင့်အုပ်၍ သို့မဟုတ် မီးသတ်ဘူးအသုံးပြု၍ ငြိမ်းသတ်ပါ။ ရေနှင့်ပက်၍ မငြိမ်းသတ်ပါနှင့်၊ မီးတောက်များကိုပို၍ ပျံ့နှံ့စေပါသည်။
- မီးစွဲလောင်စတွင် ငြိမ်းသတ်ရန်ခက်ခဲလာပါက အဆောက်အအုံထဲမှ လူများအားလုံး အန္တရာယ်ကင်းစွာ အပြင်သို့ရောက်ရှိပါစေ။
- အဆောက်အအုံအတွင်း၌ ကျန်ရှိသူများကို ကယ်ဆယ်ရန် သတင်းပို့အကြောင်းကြားပါ။



## မီးငြိမ်းသွားပြီး အခြေအနေ

- မီးလောင်ဒဏ်ရာရရှိပါက ရှေးဦးပြုစုမှုခံယူပြီး အနီးဆုံး ဆေးရုံ၊ ဆေးခန်းသို့သွားပါ။ အသက်အန္တရာယ်ဖြစ်ပေါ်လာစေနိုင်ပါသည်။
- မီးခိုးများရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်း ပိတ်နိုင်သဖြင့် ဆေးကုသမှုချက်ချင်းခံယူပါ။
- မိမိ မိသားစုဝင်များကို ပြန်လည်စိစစ်ပါ။
- မိမိအိမ် / ပတ်ဝန်းကျင် / ပစ္စည်းများအားလုံး ပြန်လည်စစ်ဆေးပါ။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ပူးပေါင်း၍ထုတ်ဝေသည်။